အောက်၊ အိုက်၊ အစ်၊ အတ်၊ အိတ်၊ အုတ်၊ အပ်၊ အိပ်၊ အုပ် 等

တိုင်အောင် ပ၊ <tain aun> 直到，直至……(表示程度的助词)：ကြွေးကြော်သံများသည်ဘဝဂ် ~ ဆူညံသွားသည်။ 口号声响彻云霄。 / ကျွန်တော်ဘဝနာရီ ~ စောင့်တယ်။ 我一直等到十点钟。

တိုင်ဦးတမ်း နာ၊ <tain u: dan:> = တိုင်ကူးတမ်း

တိုင်း I နာ၊ <tain:> ①国家：~ ပြည် 国家 / စိန် ~ (古称)中国 ②相当于省或专区的行政区域：ရေဝတီ ~ 伊洛瓦底省 / ~ နယ် 区 ③一片森林地带：ကျွန်း ~ 柚木区 II ကဲ၊ <tain:> ①量：ပေကြိုးနဲ့ ~ ပါ။ 用皮尺量吧。 ②斟酌，估量：ရတဲ့လခနဲ့လောက်အောင်တလတလ ~ ပြီးစား နေရတယ်။ 为了使工资够花每月都得算计着吃用。 ③比较；对比：မိမိနှင့် ~ ၍လုပ်ထားဆိုသကဲ့သို့ 好象是比着自己做的 ④用粗野的比喻骂人 III နဝ၊ <tain:> 放在名词后，表示"每个……"：နိုင်ငံ ~ 每个国家 / လူ ~ လူ ~ 每个人 IV သ၊ <tain:> 放在动词后，表示"每当……"：မင်းပြော ~ ငါယုံရမှာလား။ 你说的我都要相信吗？ / လုပ် ~ အောင်မြင်မယ်လို့မအောက်မေ့နဲ့။ 别以为所做的一切都会成功。

တိုင်းကား နာ၊ <tain: ga:> 国家

တိုင်းကားပြည်ရွာ နာ၊ <tain: ga: pyi ywa> 国家

တိုင်းကျပ် နာ၊ <tain: gyat> 缓冲国

တိုင်းကျပ်နိုင်ငံ နာ၊ <tain: gyat nain gan> = တိုင်းကျပ်

တိုင်းကျပ်ပြည်ငယ် နာ၊ <tain: gyat pyi nge> 夹在大国之间的小国

တိုင်းခန်း နာ၊ <tain: gan:> 全国各地

တိုင်းခန်းလှည့်လည် ကဲ၊ <tain: gan: hle' le> 巡幸，巡视：ဘုရင်ကြီးကနောက်ပါအခြေအရံမြောက်များစွာနဲ့ ~ လာခဲ့ပါသတဲ့။ 据说皇帝曾带了许多侍从巡幸而来。

တိုင်းချစ်စိတ် နာ၊ <tain: gyit seit> 爱国心

တိုင်းခြား နာ၊ <tain: gya:> 外国：~ ဘာသာစကား 外国语言

တိုင်းခြေပြည်မြစ် နာ၊ <tain: gyei pyi myit> 国家的根基(基础)，依靠：ပြည်သူပြည်သားများသည် ~ ဖြစ်သည်။ 人民是国家的根本。

တိုင်းခွင် နာ၊ <tain: gwin> 全国各地

တိုင်းစွန်ပြည်နား နာ၊ <tain: zun pyi na:> 边境

တိုင်းဆ ကဲ၊ <tain: hsa'> 衡量，斟酌

တိုင်းတပါး နာ၊ <tain: d-ba:> 外国

တိုင်းတာ ကဲ၊ <tain: ta> ①量，测量：~ ပုံထုတ်ခြင်း 测绘 ②比较，对比

တိုင်းတွ ကဲ၊ <tain: twa'> (古)①考虑，斟酌 ②长期

တိုင်းထောက် ကဲ၊ <tain: htaut> 比较，对比；同情

တိုင်းထွာ ကဲ၊ <tain: htwa> ①估量，测量：လနှင့်ကမ္ဘာမြေကြီး၏အကွာအဝေးကိုအတိအကျ ~ နိုင်ကြပြီ။ 可以准确测量地球到月亮的距离了。 / ~ ရေးအဖွဲ့ 测量队 ②考虑，斟酌：အရာရာတွင် ~ ၍ပြုလုပ်ပါကမှားနိုင်ခဲသည်။ 各方面三思而行的话就会少犯错误。 ③辱骂，谩骂：ခွေးမသားဟူသောစကားလုံးဖြင့် ~ ၍ပြောတတ်သည်။ 说话时老喜欢用"狗崽子"这个词骂人。 / ဆဲရေး ~ ခြင်းမပြုရ။ 不许骂人。

တိုင်းနေပြည်သား နာ၊ <tain: nei pyi dha:> 本国人民，公民

တိုင်းနိုင်ငံ နာ၊ <tain: nain gan/tain: nain ngan> 国家

တိုင်းဖြူပြည်ဖြူ နဝ၊ <tain: byu' pyi byu'> 建国的：~ လွှတ်တော် 立宪议会 / ~ အခြေခံဥပဒေ 宪法

တိုင်းပြည် နာ၊ <tain: byi> 国家：~ ရောင်းစားသူ 卖国贼 / ~ ဝင်ငွေ 国家收入

တိုင်းဗုံး နာ၊ <tain: bon:> [英 time bomb] 定时炸弹

တိုင်းမင်းကြီး နာ၊ <tain: min: gyi:> 省长

တိုင်းရေးပြည်မှု နာ၊ <tain: yei: pyi hmu'> 国事，国家事务

တိုင်းရေးပြည်ရေး နာ၊ <tain: yei: pyi yei:> 国家事务

တိုင်းရင်း နာ၊ <tain: yin:> 本国

တိုင်းရင်းတူရိယာအဖွဲ့ နာ၊ <tain: yin: du ri' ya a-phwe'> 民族乐队

တိုင်းရင်းနည်း နာ၊ <tain: yin: ni:> 传统方法，土法

တိုင်းရင်းဖြစ် နာ၊ <tajn: yin: byit> 国产，国货：~ ကုန်စည် 国货

တိုင်းရင်းဖွား နာ၊ <tain: yin: bwa:> 国民

တိုင်းရင်းဘာသာစကား နာ၊ <tain: yin: ba dha z-ga:> 国语

တိုင်းရင်းရှေးဟိုးနည်း နာ၊ <tain: yin: shei: yo: ni:> 传统的方法，土法

တိုင်းရင်းသား နာ၊ <tain: yin: dha:> 国民：~ အရင်းရှင် 民族资本家 / ~ လူနည်းစု 少数民族

တိုင်းရှဲ ကဲ၊ <tain: she'> 对照，比较：~ ၍ပြောသည်။ 对比着说。

တိုင်းလှည့် ကဲ၊ <tain: hle'> 巡视，视察

တိုင်းသားပြည်သူ နာ၊ <tain: dha: pyi dhu> 国民，人民

တိုင်းသိပြည်သိ နာ၊ <tain: dhi' pyi dhi'> 闻名全国的，名扬全国的，尽人皆知的

တိုင်းသူပြည်သား နာ၊ <tain: dhu pyi dha:> 国民，人民

တိုင်းဦးသား နာ၊ <tain: u: dha:> 土著民族

တစ် I ကဲ၊ <tit> ①(将鱼、肉等)切成小块：ငါး ~ သည်။ 把鱼剁成块。 / အမဲသား ~ သည်။ 把牛肉切成块。 ②堵塞，滞塞，卡住：ပြွန်ထဲ၌ ~ နေသည်။ 塞在管子里了。 / ပုလင်းပေါက်မှာဖောဂ်ဆို ~ နေတယ်။ 软木塞堵在瓶口里了。 / ဆင်ပြောင်ကြီးအမြီးကျမှ ~ ။ (成)功亏一篑。 ③(虎)啸啸地叫：ကျား ~ သည်။ 虎啸。 / ကျားမရဲ ~ လူမရဲဟစ်။ (成)胆小的虎啸啸叫，胆小的人乱喊叫。 ④(古)洒，浇，淋：မေတ္တာရေချမ်း ~ ဆွတ်ဖျန်းလျက် 灌浇以情谊之清泉 II <tit> ①(纸牌)么点 ②[英 tip] 小费 ③(赛马，